# မြန်မာနိုင်ငံ၏ ရိုဟင်ဂျာတို့အား ပြန်လည်တင်ပြခြင်း။ ။ အားလုံးထက် အရေးအကြီးဆုံးသော အစီရင်ခံစာ။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင်း (FFM)က မြန်မာနိုင်ငံရှိ လူနည်းစု ရိုဟင်ဂျာများအား လုံခြုံရေးတပ်ဖွဲ့များက ရက်စက်ယုတ်မာမှုများ ကျူးလွန်ခဲ့ပုံကို စာမျက်နှာ (၄၄၄) မျက်နှာ ရှည်လျားသော အစီရင်ခံစာတွင် မှတ်တမ်းတင်ပြခဲ့ပြီး၊ ၎င်း၏ကျွမ်းကျင်ပညာရှင်များက လူ့အခွင့်အရေးကောင်စီ၊ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ နှင့် မီဒီယာမှတဆင့် တစ်ကမ္ဘာလုံးရှိ ပရိသတ်များသို့ အစီရင်ခံခဲ့ကြသည်။ ပြီးခဲ့သည့်လတွင်တော့ အဆိုပါမစ်ရှင်း၏ ကျွမ်းကျင်ပညာရှင်များက ရိုဟင်ဂျာတို့ကိုယ်တိုင်ထံ တိုက်ရိုက် ပြန်လည် အစီရင်ခံခွင့် ရခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားတွင် မေလ(၅)ရက်နေ့ အလည်အပတ်ခရီးစဉ်၌ FFM ဥက္ကဋ္ဌ ဖြစ်သူ မာဇူကီးဒါရူစမန်းနှင့် ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင် ခရစ္စတိုဖာစီဒိုတီတို့က ဒုက္ခသည်များစွာနှင့် တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့အများစုသည် ပဋိပက္ခများသော မြန်မာ့ရခိုင်ပြည်နယ်အတွင်း လွန်ခဲ့သည့် (၂)နှစ်တုန်းက အကြမ်းဖက်မှုများ ပေါက်ကွဲခဲ့သောကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသူများဖြစ်ကြသည်။

လာရောက်သူများအနက် အစီရင်ခံစာအတွက် ထွက်ဆိုချက်များ ပြုလုပ်ခဲ့သော မျက်မြင်သက်သေများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် ရပ်ရွာခေါင်းဆောင်တို့ ပါဝင်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးသည် ကျွမ်းကျင်ပညာရှင်များက ၎င်းတို့ကို နည်းလမ်းကျကျ ရှင်းလင်းတင်ပြချက်ပထမဦးဆုံးပြုလုပ်ခဲ့သည့် အခမ်းအနားဖြစ်သည်။ ထို့အတူ ဤသည် ရိုဟင်ဂျာတို့အနေနှင့် မိမိတို့သိလိုသည်များကို ပထမဦးဆုံးအကြိမ် မေးမြန်းနိုင်ခွင့်ရှိသည့် အခွင့်အလမ်းလည်း ဖြစ်သည်။

လာရောက်သူအများစုက တရားမျှတမှုရရှိရန် ဘာကြောင့် အရှိန်နှေးကွေးနေရကြောင်း မေးမြန်းကြပြီး၊ သူတို့က အိမ်ပြန်ဖို့ အပူတပြင်းဖြစ်နေကြကြောင်း ပြောကြသည်။ လူဦးရေ (၉) သိန်းရှိကမ္ဘာပေါ်တွင် အကြီးဆုံး ဒုက္ခသည် အခြေချစခန်း၏ ကျယ်ပြန့်သော ကမ့် ကွန်ယက် များစွာကြားတွင် ပိတ်မိနေကြောင်း၊ အစိုးရများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက မိမိတို့၏ အနာဂတ်အတွက် ဆွေးနွေးမှုများတွင် မိမိတို့ကိုယ်တိုင်က အဖယ်ထုတ်ခံထားရကြောင်း ညည်းညူကြသည်။

ယောက်ျားတစ်ဦးက ထ၍၊ ဖယ်ထုတ်ခံခဲ့ရသော ရိုဟင်ဂျာတို့ လက်ရှိရင်ဆိုင်နေရသည့် အကြီးမားဆုံး အကျပ်အတည်းများ ဖြစ်သည့် ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း လက်လှမ်းမီမှု အခြေအနေကို မေးမြန်းခဲ့သည်။ "ကျွန်တော်တို့ စိတ်ပူတာက နောင်လာမယ့် မျိုးဆက်သစ်တွေ ဘယ်လိုလုပ်ကြမလဲ" ဟုသူကဆိုသည်။ "ကျွန်တော်တို့က ဒီမှာပဲ ဆက်ပိတ်မိနေမယ်ဆိုရင် ကလေးတွေ ဘယ်လို ဖြစ်ကုန်မလဲ။"

မိနစ်အနည်းငယ်အကြာတွင် အမျိုးသမီးတစ်ဦးက မတ်တတ်ရပ်ကာ၊ ကျွမ်းကျင်ပညာရှင်များအား ယခုလို အချိန်ယူပြီး နားထောင်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ "မြန်မာပြည်မှာဆိုရင် ကျွန်မတို့ရဲ့ အခွင့်အရေးတွေ၊ တောင်းဆိုမှုတွေနဲ့ ပတ်သက်ပြီး ပြောဆိုခွင့် မရှိခဲ့ဘူး" ဟု သူမကဆိုသည်။ "ဒီမှာလည်း ဒီလိုပဲ၊ စခန်းထဲမှာဆိုရင် အမျိုးသမီးတွေက အထူးသဖြင့် အခွင့်အလမ်း မရှိကြဘူး။"

FFM ရဲ့ အစီရင်ခံစာက ရိုဟင်ဂျာ အသိုင်းအဝိုင်း ကြုံတွေ့ခဲ့ရသော "ပြောမကုန်နိုင် အကြမ်းဖက်မှုများ" အကြောင်းကို တစ်ကမ္ဘာလုံး သိအောင် ကူညီအကြောင်းကြားပေးခဲ့သည်ဟု ထိုအမျိုးသမီးက ဆိုသည်။ သူမက ဆက်လက်၍ "ဒီလိုမျိုး ဖိနှိပ်ညှင်းဆဲမှုတွေ ထပ်မဖြစ်အောင် ဘယ်လို လုပ်ရမလဲ ဆိုတာကို ကျွန်မတို့ သိချင်ပါတယ်" ဟု မေးမြန်းခဲ့သည်။

**အထူး အခွင့်အလမ်းတစ်ခု**

လူ့အခွင့်အရေးကောင်စီက ထူထောင်ထားသော စုံစမ်းစစ်ဆေးရေးမစ်ရှင်းများသည် အဓိကအားဖြင့် ဂျနီဗာမြို့နှင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအား အစီရင်ခံလေ့ရှိကြပါသည်။ သို့သော်လည်း FFM၏ လုပ်ပိုင်ခွင့်အား နောက်ထပ် တစ်နှစ်တိုးမြှင့်ခဲ့သောကြောင့်၊ ကျွမ်းကျင်ပညာရှင်များက မိမိတို့နှင့် ပြောဆိုခဲ့သူတို့အား ပြန်လည်တွေ့ဆုံရန် အခွင့်အလမ်းရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိ မစ်ရှင်း၏ သက်တမ်းသည် (၂၀၁၉)ခုနှစ်၊ စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်သည်။

"ကျွန်တော်တို့အတွက်ကတော့ ဒါက အရေးအကြီးဆုံးသော ပြန်လည်တင်ပြချက်ပါပဲ" ဟု စီဒိုတီက ဆိုသည်။ "ကျွန်တော်တို့ရဲ့ အစီရင်ခံစာက သူတို့က ကျွန်တော်တို့ကို ပြောပြခဲ့တာတွေရဲ့ ရလဒ်ပါ။ သူတို့ပြောပြခဲ့တဲ့ ဖြစ်ပျက်ပုံတွေကို ကျွန်တော်တို့က ရေးသားခဲ့တာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပြီးနောက်၊ ကျွန်တော်တို့က ဘာတွေတွေ့ရှိခဲ့သလဲ၊ ဘယ်လို အကြံပြုခဲ့သလဲ၊ နောက်ပြီးတော့ ဆက်လက်၍ ဘယ်ဖြစ်မလဲ ဆိုတာတွေကို သူတို့ကို ပြန်ပြောပြဖို့ အခွင့်အလမ်း သေချာရှိစေချင်တယ်။ "

FFMဝန်ထမ်းများက ၎င်းတို့၏ (၂၀၁၈)ခုနှစ်ထုတ် တွေ့ရှိချက်၏ အကျဉ်းချုပ်မိတ္တူများအား လာရောက်သူများထံ ထုတ်ပေးကြသည်။ ခဏအကြာ စီဒိုတီက "ကျွန်တော်တို့အတွေ့အကြုံရဲ့ ရလဒ်အနေနဲ့ ဒီလိုမျိုး ပြန်လည်တင်ပြချက်ကို လူ့အခွင့်အရေးကောင်စီ စုံစမ်းစစ်ဆေးမှုတွေ အားလုံး ဒီလိုလိုက်လုပ်ကြဖို့ အလွန်မျှော်လင့်မိပါတယ်" ဟု ဆိုသည်။ "စုံစမ်းစစ်ဆေးရေးအဖွဲ့တွေရဲ့ လုပ်ပိုင်ခွင့်မှာ အစီရင်ခံစာ ပြန်လည်တင်ပြဖို့ လိုအပ်ချက်ပါရမယ်၊ ကုလသမဂ္ဂယန္တရားတွေသို့ပဲ မဟုတ်ဘဲ၊ အထိခိုက်ခံခဲ့ရတဲ့ အသိုင်းအဝိုင်းတွေကို ပြန်လည် အစီရင်ခံဖို့လည်း လိုအပ်သင့်ပါတယ်။"

၎င်းတို့၏ ခရီးစဉ်အတွင်း ကျွမ်းကျင်ပညာရှင်များက ဒုက္ခသည်စခန်းများတွင် အစည်းအဝေး နှစ်ခုကို ကျင်းပခဲ့ပါသည်။ တစ်ခုမှာ အမျိုးသမီးများအတွက် သီးသန့် အစည်းအဝေးပွဲဖြစ်သည်။ ကိုနာပါရာခေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ မြန်မာနယ်စပ်ခွထားသော မြေကွက်ပေါ်တွင် ရောက်ရှိနေသည့် ရိုဟင်ဂျာတို့နှင့်လည်း ကျွမ်းကျင်ပညာရှင်များက တွေ့ဆုံခဲ့ကြသည်။ ထိုသို့ဖြင့်၊ မကြာသေးမီက ရောက်ရှိလာသူများမှတဆင့် ထွက်ဆိုချက်အသစ်များကိုလည်း ကြားနာခဲ့ကြသည်။

အဆိုပါ ခရီးစဉ်သည် မေလ (၃)ရက်နေ့မှ စတင်ခဲ့သော ဒေသတစ်ဝှမ်း (၁၀)ရက်တာ အလည်ခရီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဤခရီးစဉ်အပြီးတွင် ကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာ အသိုင်း အဝိုင်းအား မြန်မာ့စစ်တပ်နှင့် စီးပွားရေးအဆက်အသွယ်လုပ်ခြင်းကို ဖြတ်တောက်ရန် တိုက်တွန်း ခဲ့သည်။ စစ်တပ်၏ ဗိုလ်မှူးခေါင်းဆောင်များကို ဝိုင်းပယ်ပြီး၊ စစ်ရာဇဝတ်မှုများ၊ လူသား တမျိုးနွယ်လုံးအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ နှင့် ဂျန်နိုဆိုက်ခေါ် မျိုးဖြုတ်ခြင်း ဆိုင်ရာ ပြစ်မှုများအတွက် ယုံကြည်စိတ်ချရသည့် တရားရုံး အရှေ့သို့ ခေါ်ဆောင်ကာ ဖြေကြားစေရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

## ရိုဟင်ဂျာတို့၏ ပန်ကြားစာကို ထပ်ဆင့်တင်ပြခြင်း

ကျွမ်းကျင်ပညာရှင်များ၏ (၂၀၁၈)ခုနှစ်၊ စက်တင်ဘာလထုတ် အစီရင်ခံစာတွင် ကချင်နှင့် ရှမ်း ပြည်နယ်တို့ အပါအဝင်၊ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအုပ်စုများ၏ လူ့အခွင့်အရေးအား စနစ်တကျ ချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့ပါသည်။ သို့သော်လည်း၊ အစီရင်ခံစာက (၂၀၁၇)ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သော စစ်တပ်၏ ရခိုင်ပြည်နယ်တွင်း "နယ်မြေရှင်းလင်းစစ်ဆင်ရေး"များ အပေါ် ကြီးမားစွာအာရုံစိုက်ခဲ့သည်။ ၎င်းစစ်ဆင်ရေးများကြားတွင် လုံခြုံရေးတပ်ဖွဲ့များက ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများကို သတ်ဖြတ်ခဲ့ပြီး၊ အမျိုးသမီးများနှင့် မိန်းကလေးများကို မုဒိမ်းကျင့်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကာ၊ ၎င်းတို့၏ အိုးအိမ်များကို မီးတင်ရှို့ခဲ့ကြသည်။

ဤကဲ့သို့ အကြမ်းဖက်မှုများက ရိုဟင်ဂျာ (၇)သိန်းကျော်ကို မြန်မာပြည်မှ အင်အားသုံးကာ မျိုးသောအားဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးစေခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကူတူပလောင်စခန်းတွင်းရှိ အစည်းအဝေးများကြားတွင် ဒုက္ခသည်အချို့က အနာဂတ်တွင် ဘာဖြစ်လာမလဲဟု မေးမြန်းသည်။

FFM ဦးဆောင်သူ ဒါရူစမန်းက လူ့အခွင့်အရေးကောင်စီမှ ယမန်နှစ်က ထူထောင်လိုက်သော မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော ယန္တရားက မစ်ရှင်း၏ လုပ်ငန်းများကို အမွေခံ၍ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ အဆိုးရွားဆုံး သော ရာဇဝတ်မှုများအား ကျူးလွန်ခဲ့သူများဟု အစွပ်စွဲခံရသူများကို အနာဂတ်တွင် တရားစွဲဆိုရန် အတွက် အမှုတွဲများစတင် ပြင်ဆင်သွားမည်ဟု ရှင်းပြသည်။

ဆက်လက်၍ ဒါရူစမန်းက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဂျနီဗာမြို့ရှိ လူ့အခွင့်အရေးကောင်စီတွင် စက်တင်ဘာလ၌ မိမိတို့နောက်ဆုံးအစီရင်ခံစာ တင်ပြသည့်အခါ သူကိုယ်တိုင် ထပ်ဆင့် ပြောကြား ပေးမည် ဟု ဆိုပါသည်။

ဘင်္ဂလားဒေ့နိုင်ငံမှ ထွက်ခွာပြီးနောက်တွင် ကျွမ်းကျင်ပညာရှင်များက ကချင်၊ ရှမ်း နှင့် ချင်း လူမှု အသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များနှင့်လည်း မလေးရှားနိုင်ငံတွင် တွေ့ဆုံခဲ့ကြသည်။

"ကျွန်မတို့ရဲ့မနှစ်က အစီရင်ခံစာမှာ ဖော်ပြခဲ့တဲ့ တခြားတိုင်းရင်းသား အုပ်စုတွေရဲ့ထွက်ဆိုချက်တွေ ကိုလည်း သူတို့ကို ပြန်လည်တင်ပြဖို့က ကျွန်မတို့အတွက် အရေးကြီးပါတယ်။ ရခိုင်၊ ကချင်၊ ရှမ်း နဲ့ ချင်းတိုင်းရင်းသား အသိုင်းအဝိုင်းတွေ ခံစားနေရတဲ့ ဒုက္ခတွေက FFMအတွက် အထူး စိုးရိမ်ပူပန်စရာ ဖြစ်နေပါတယ်" ဟု ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင် ရဒီကာကူမရာဆွာမိက ပြောကြားလိုက်ပါသည်။

၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်နေ့